ATHAN အသံ



# ဖြတ်တောက်ခံထားရသောဆက်သွယ်မှုများ နှင့် ပျောက်ဆုံးနေသောလူ့ရပိုင်ခွင့်

သုတေသနအစီရင်ခံစာ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့ နောက်ခံအကျဉ်း | ၁ |
| အခန်း (၁) | နိဒါန်း | ၁ |
| | တိုက်ပွဲဖြစ်နေသည့်နေရာများတွင် ဖုန်းလိုင်းများဖြတ်တောက်ခြင်း | ၂ |
| | ကူးသန်းသွားလာရေး ကန့်သတ်မှုများ၏ နောက်ဆက်တွဲ ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်း | ၃ |
| | စစ်တပ်၏ မရိုးဖြောင့်မှုများ - အင်တာနက်လိုင်းများအား ဖွင့်ခြင်း၊ ပိတ်ခြင်းဖြင့် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာအား နိုင်ငံရေးတွင် ကစားခြင်း | ၃ |
| | ဖုန်းအော်ပရေတာများ အားလုံးနီးပါး စစ်တပ်၏လက်အောက်ထဲသို့ ကျရောက်ခြင်း | ၃ |
| အခန်း (၂) | မြန်မာနိုင်ငံအတွင်း ဖုန်းလိုင်းနှင့် အင်တာနက်ဖြတ်တောက်ခံရမှု အခြေအနေ | ၄ |
| | ချင်းပြည်နယ်လက်ရှိအခြေအနေ | ၄ |
| | ကချင်ပြည်နယ်လက်ရှိအခြေအနေ | ၅ |
| | ကရင်နီပြည်နယ်လက်ရှိအခြေအနေ | ၅ |
| | မကွေးတိုင်းဒေသကြီးလက်ရှိအခြေအနေ | ၆ |
| | မန္တလေးတိုင်းဒေသကြီးလက်ရှိအခြေအနေ | ၆ |
| | စစ်ကိုင်းတိုင်းဒေသကြီးလက်ရှိအခြေအနေ | ၇ |
| အခန်း (၃) | အင်တာနက်ဖြတ်တောက်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများ | ၇ |
| | လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများ | ၈ |
| | အင်တာနက်ကို အဆမတန် ဈေးကြီးပေး၍ သုံးစွဲရခြင်း | ၈ |
| | အင်တာနက် ဖြတ်တောက်ခြင်းနှင့် နိုင်ငံ့စီးပွားရေး ကျဆင်းခြင်း | ၉ |
| | အင်တာနက်ဖြတ်တောက်ခြင်းနှင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍဆုတ်ယုတ်ခြင်း | ၉ |
| အခန်း (၄) | အာဆီယံ ဒေသအတွင်း သို့ ရိုက်ခတ်မှု | ၁၀ |
| အခန်း (၅) | နိဂုံး | ၁၁ |
| | သုတေသနနည်းလမ်းနှင့် ဝိန်ခေါ်ချက် | ၁၂ |

## အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့ နောက်ခံအကျဉ်း

အသံအဖွဲ့ကို လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိရေးအတွက်ရည်ရွယ်၍ လူငယ်များမှ စုစည်းကာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသံအဖွဲ့သည် သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး သုတေသန၊ စည်းရုံးလှုံ့ဆော်ရေး နှင့် သင်တန်းပို့ချခြင်း လုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့သော အဖွဲ့အစည်း တစ်ခုဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတား ဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာ ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီ သည့် ဥပဒေဆိုင်ရာပြုပြင် ပြောင်းလဲမှုများပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုအပြည့်အဝ ရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

အသံအဖွဲ့အနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်းတွင် သတင်းမီဒီယာများနှင့် သတင်းသမားများအပေါ် မီဒီယာ လွတ်လပ်ခွင့်ကို ချိုးဖောက်၍ မတရား တရားစွဲဆိုဖမ်းဆီးခံရမှုများကို လေ့လာမှတ်တမ်းတင်ကာ သုတေသနအစီအ ရင်ခံစာများထုတ်ဝေခြင်း၊ အာဏာသိမ်းစစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မတရား တရားစွဲဆို အရေးယူမှုများကို မှတ်တမ်းတင် ထားရှိခြင်း၊ တက်ကြွလှုပ်ရှားသူများ နှင့် သတင်းသမားများ၊ မြေပြင်သပိတ် ကော်မတီများ နှင့် မြေပြင်လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျှက်ရှိသည်။

## ဖြတ်တောက်ခံထားရသောဆက်သွယ်မှုများနှင့် ပျောက်ဆုံးနေသောလူ့ရပိုင်ခွင့် သုတေသနအစီရင်ခံစာ

### ကောက်နုတ်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစကာ အာဏာသိမ်းစစ်တပ်မှ နိုင်ငံရေး၊ စစ်ရေးရည်ရွယ်ချက်အရ ပြည်သူလူထုကြား ဆက်သွယ်ရေးကဏ္ဍကို ဖြတ်တောက်ရန် အင်တာနက်လိုင်းများကို ရက်တို၊ ရက်ရှည် ဖြတ် တောက်ပြီး အင်တာနက်မြန်နှုန်းများ လျှော့ချခြင်းနှင့် အင်တာနက် ဈေးနှုန်းများ မြင့်တက်ခြင်း နည်း လမ်းများဖြင့် အင်တာနက်ရရှိမှုကို နှောင့်ယှက်ခဲ့သည်။ ၂၀၂၁ခုနှစ် ဩဂုတ်လမှစကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့အား ဦးတည်၍ အင်တာနက်လိုင်းဖြတ်တောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်လယ်ပိုင်းမှစကာ ထိုဒေသ များတွင် ဖုန်းလိုင်းများပါ ဖြတ်တောက်မှု ပြုလုပ်လာသည်။

ထိုသို့ ဖြတ်တောက်မှုတွင် စစ်ရေးရည်ရွယ်ချက်ဖြင့် တိုက်ပွဲဖြစ်ပွားရာ နေရာဒေသများအား ဦးတည်၍ ဖြတ် တောက်သကဲ့သို့ မြို့နယ်များတွင် စစ်တပ်မှ သွားလာမှုအကန့်အသတ်ပြုလုပ်သဖြင့် ကုန်စည်စီးဆင်းမှုနှောင့် နှေးကာ ဈေးနှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်ခြင်း၊ အခြေခံ စက်သုံးဆီပြတ်လပ်ခြင်းများ ဖြစ်ပွားရခြင်း၏ နောက်ဆက်တွဲကြောင့် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြတ်တောက်ရသည်။ ၂၀၂၂ ခုနှစ် အကုန်ထိ အကြမ်းဖက်စစ်တပ်မှ မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး (၆) ခုတွင် ဖုန်းလိုင်းနှင့် အင်တာနက် လိုင်းများအား ဖြတ်တောက်ထားသည်။

ထိုသို့ ဆက်သွယ်ရေးကဏ္ဍများအား ဖြတ်တောက်ထားမှုများကြောင့် ပြည်သူများကြား သတင်း အချက်အလက်စီးဆင်းမှု မရှိတော့ဘဲ အချိန်နှင့် တပြေးညီ မှန်ကန်သည့် သတင်းအချက်အလက် ရရှိမှုနှင့် သတင်းဖြန့်ဝေနိုင်မှုများ ဆုံးရှုံးနေပြီး သတင်းတု၊ သတင်းမှား အန္တရာယ်လည်း ကျရောက်နေသည်။ ထို့ပြင်

အင်တာနက်ဖြတ်တောက်ခြင်းသည် ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော နေ့စဉ်လူမှုဘဝများတွင်ပါ ထိခိုက်နစ်နာနေပြီး အလုပ်အကိုင်များ ရှားပါးလာခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ပညာသင်ယူခွင့်ဆုံးရှုံးခြင်းနှင့် လူထုကျန်းမာရေး လက်လှမ်းမမှီခြင်းများ တွေ့ကြုံနေကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်း ဆက်သွယ်ရေးကဏ္ဍများအား ဖြတ်တောက်ခံထားရခြင်းသည် အာဆီယံရပ်ဝန်း၏ ဒေသတွင်း ဆက်သွယ်ရေးကဏ္ဍကိုလည်း ဟန်ချက်ပျက်စေကာ ဒေသတွင်း အချိန်နှင့်တပြေးညီ အချက်အလက်စီးဆင်းမှုများကိုပါ ထိခိုက်မှုရှိနေသည်။

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစကာ မြန်မာနိုင်ငံ၏အင်တာနက် ရရှိနိုင်မှုအခြေအနေသည် တနိုင်ငံလုံး အတိုင်းအတာဖြင့် ဖြတ်တောက်ခြင်းမျိုးကို နည်းလမ်း (၃) မျိုးဖြင့် ကြုံရကြောင်း အသံအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ၂၀၂၂ ခုနှစ် တကျော့ပြန် အမှောင်ခေတ် သုတေသန စာတမ်းတွင် ဖော်ပြပြီးဖြစ်သည်။[1] မြန်မာပြည်သူလူထုအနေဖြင့် (၁) ရက်ရှည်ဖြတ်တောက်ခြင်း၊ (၂) သီးခြားအချိန် (သို့မဟုတ်) နေ့ရက်များတွင် ဖြတ်တောက်ခြင်း (၃) အင်တာနက်မြန်နှုန်းလျှော့ချခြင်းနှင့် အင်တာနက်ဈေးနှုန်း မြင့်တက်ခြင်း ဟူသည့် ဆက်သွယ်ရေးဆိုင်ရာ ဖြတ်တောက်ခြင်းများကို ကြုံခဲ့ရခြင်းဖြစ်သည်။ ယခုသုတေသနတွင် ထပ်မံတွေ့ရှိသည်မှာ အာဏာသိမ်းစစ်တပ်မှ နိုင်ငံရေး၊ စစ်ရေးရည်ရွယ်ချက်အရ ပြည်သူလူထုကြား ဆက်သွယ်ရေးကဏ္ဍကို ပိုမိုဖြတ်တောက်ရန် ၂၀၂၂ ခုနှစ်လယ်ပိုင်းမှစကာ မြန်မာပြည်၏ ကျေးရွာအချို့မှ မြို့ကြီးများအထိ ဖုန်းလိုင်းများပါ ရံဖန်ရံခါ ကာလတို ဖြတ်တောက်လာခြင်းဖြစ်သည်။ ထိုသို့ဖြတ်တောက်ရာတွင် (၁) စစ်ရေးရည်ရွယ်ချက်ဖြင့် တိုက်ပွဲဖြစ်ပွားရာ နေရာဒေသများအား ဦးတည်၍ ဖြတ်တောက်သကဲ့သို့ (၂) မြို့နယ်များတွင် စစ်တပ်မှ သွားလာမှုအကန့်အသတ်ပြုလုပ်သဖြင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးကာ ဈေးနှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်ခြင်း၊ အခြေခံ စက်သုံးဆီပြတ်လပ်ခြင်းများ ဖြစ်ပွားရခြင်း၏ နောက်ဆက်တွဲကြောင့် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြတ်တောက်ရခြင်းဖြစ်ကြောင်းလည်းတွေ့ရသည်။

## တိုက်ပွဲဖြစ်နေသည့်နေရာများတွင် ဖုန်းလိုင်းများဖြတ်တောက်ခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် နှစ်ဖက် အပြန်အလှန် တိုက်ပွဲဖြစ်ပွားနေသည့် ချင်းပြည်နယ် ၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင် အကြမ်းဖက်စစ်တပ်ဘက်မှ ဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့သည်။[2] တိုက်ပွဲမဖြစ်သည့်အချိန်များတွင်လည်း စစ်တပ်မှ လေယာဉ်နှင့် ဗုံးကျဲပြီးနောက် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်မှုများရှိနေသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးမကျဲခင် ၂၀ ရက်နေ့ကတည်းက အင်တာနက်လိုင်းအပါအဝင် ဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့ကြောင်းတွေ့ရသည်။[3] ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းတွင်လည်း ကရင်ပြည်နယ်-ကော့ကရိတ်မြို့နယ်ရှိရွာများအား တိုက်ပွဲကာလအတွင်း ဖုန်းလိုင်းဖြတ်တောက်ခဲ့သည်။[4]

---

[1] Athan (2022), ‘Internet access amid darkness and lives under threats’ | Source⇪

[2] မင်းတပ်နှင့်မတူပီမြို့နယ်တို့တွင် ဖုန်းလိုင်းများ ဖြတ်တောက်ခံထားရ (2023 Dec 9), The Irrawaddy, | Source⇪

[3] မင်းတပ်တွင် တိုက်ပွဲမဖြစ်ဘဲ လေယာဉ်ဖြင့် ဗုံးကြဲပြီးနောက် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ကာ သတင်းအမှောင်ချ (2023 Jan 23), Myanmar Pressphoto Agency | Source⇪

[4] ကော့ကရိတ်မြို့ကျေးရွာများ ဖုန်းလိုင်းဖြတ်တောက်ခံထားရ (2022 Oct 31), Mawkun Magazine | Source⇪

## ကူးသန်းသွားလာရေး ကန့်သတ်မှုများ၏ နောက်ဆက်တွဲ ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်း

အကြမ်းဖက်စစ်တပ်မှ ဒေသအချို့တွင် သွားလာရေးများနှင့် ကုန်းလမ်းရေလမ်းများအား အကန့်အသတ်များ ပြုလုပ်ထားခြင်းကြောင့် အခြေခံစားသောက်ကုန်များအပါအဝင် စက်သုံးဆီများ ပြတ်လပ်မှုဖြစ်ကာ တာဝါတိုင်များမလည်ပတ်နိုင် သဖြင့် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ပြတ်တောက်ခြင်းကြုံကြရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်တွင် စက်သုံးဆီများ ပြတ်ခြင်းကြောင့် မြို့နယ်တချို့၌ တာဝါတိုင်တချို့ လည်ပတ်မှု မရှိတော့သဖြင့် ဖုန်းလိုင်းပြတ်တောက်မှုဖြစ်ခဲ့သည်။[5] ချင်းပြည်နယ် ၊ မတူပီမြို့တွင်လည်း စစ်တပ်မှ မြို့အဝင် အထွက်များ ပိတ်ထားသဖြင့် မတူပီမြို့အတွင်း ကုန်ကားများ မဝင်ရောက်နိုင်ကာ စက်သုံးဆီပြတ်လပ်မှု ဖြစ်ပေါ်ပြီး MPT တာဝါတိုင်များ မလည်ပတ်နိုင်ဖြစ်၍ ဖုန်းလိုင်းများ ပြတ်တောက်သွားခဲ့သည်။[6]

## စစ်တပ်၏ မရိုးဖြောင့်မှုများ - အင်တာနက်လိုင်းများအား ဖွင့်ခြင်း၊ ပိတ်ခြင်းဖြင့် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာအား နိုင်ငံရေးတွင် ကစားခြင်း

၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် စစ်တပ်သည် နိုင်ငံရေးကို ကစားရန် ဆက်သွယ်ရေးနည်းပညာကို အသုံးချကာ စိတ်ပိုင်းဆိုင်ရာရှုထောင့်မှပါ ပြည်သူလူထုကို ညှင်းပန်းနှိပ်စက်နေကြောင်း သုံးသပ်သည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်အထိမ်းအမှတ်ရက်များဖြစ်သည့် လွတ်လပ်ရေးနေ့ကဲ့သို့သောနေ့မျိုးတွင် စစ်ကိုင်းတိုင်းရှိ အင်တာနက်ဖြတ်တောက်ထားသော နေရာများနှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်များတွင် အင်တာနက်လိုင်းအား (၁) ရက်ကြာ ပြန်ဖွင့်ပေးခဲ့သည်။ ထိုသို့ လွတ်လပ်ရေးနေ့တွင် တယ်လီနော အင်တာနက်ပြန်လည်ရရှိသည့်အတွက် အင်တာနက်ကို ပြန်ဖွင့်ပြီထင်၍ ပြည်သူများ စိတ်လှုပ်ရှားခဲ့ကာ ဆင်းကတ်များ ပြန်လည်ဝယ်ယူခြင်း၊ ဒေတာပလမ်များ ဝယ်ယူပြီး မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အဆက်အသွယ်များ ပြန်လည်ရကြ၍ ခဏတာ စိတ်ပျော်ရွှင်ခဲ့ကြသည်။သို့သော် ဇန်နဝါရီလ ၅ ရက်နေ့ ည ၉ နာရီ ကျော် ၁၀ နာရီဝန်းကျင်တွင် အင်တာနက်လိုင်းများ ပြတ်တောက်သဖြင့် အသုံးပြုခွင့်များ ပြန်လည်ပိတ်သွားခဲ့သည်။[7] ထိုသို့ဖြင့် ပြည်သူများ၏ ဒစ်ဂျစ်တယ် အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်ကို အကြီးအကျယ် ဖိနှိပ်ထားပြီး ပြည်သူလူထု၏ စိတ်အတက်အကျကိုပါ နိုင်ငံရေးအကျိုးအမြတ်အတွက် ကစားနေသည်ကို တွေ့ရသည်။

## ဖုန်းအော်ပရေတာများ အားလုံးနီးပါး စစ်တပ်၏လက်အောက်ထဲသို့ ကျရောက်ခြင်း

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း၌ ရှိနေသော ဆက်သွယ်ရေးကုမ္ပဏီများအားလုံးသည် စစ်တပ်၏ လက်အောက်နှင့် စစ်တပ်၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်သွားပြီဖြစ်သည်။ စစ်အာဏာမသိမ်းမီက ရှိခဲ့သည့် နိုင်ငံတကာ ဆက်သွယ်ရေး ကုမ္ပဏီများဖြစ်သော တယ်လီနောနှင့် အော်ရီဒူးတို့သည် အာဏာသိမ်းမှုနောက်ဆက်တွဲအဖြစ် ၎င်းတို့၏ကုမ္ပဏီများကိုရောင်းချခဲ့ပြီးဖြစ်သည်။ တယ်လီနောကုမ္ပဏီသည် စစ်တပ်နှင့် နီးစပ်သည့် ရွှေဗျိုင်းဖြူကုမ္ပဏီနှင့် လက်ဘနွန်အခြေစိုက် M1 Group တို့အား ရောင်းချခဲ့ပြီး ၂၀၂၂ ခုနှစ်

---

[5] မောင်တောမှာ စက်သုံးဆီပြတ်၊ နယ်က ဖုန်းတာဝါတိုင်တချို့မလည်ပတ်၍ ဖုန်းလိုင်းပြတ်နေ (2022 Nov 18), Border News Agency | Source

[6] Salang Ban (2022 Oct 11). မတူပီမြို့တွင် စက်သုံးဆီပြတ်လပ်၍ ဖုန်းလိုင်းများပါ ပြတ်တောက် Mizzima-News in Burmese | Source

[7] ကချင်နဲ့ စစ်ကိုင်းမှာ ဖွင့်ပေးထားတဲ့အင်တာနက်လိုင်းတွေ ပြန်ပိတ် (2023 Jan 6) RFA Burmese | Source

ဇွန်လ ၂ ရက်နေ့မှစကာ တယ်လီနောမြန်မာ ကို အက်တမ်မြန်မာအမည်သစ်ပြောင်းလဲခဲ့သည်။[8] အလားတူ အော်ရီဒူးမြန်မာသည်လည်း စင်ကာပူတွင် မှတ်ပုံတင်ထားသည့် Nine Communications ကုမ္ပဏီကို ရောင်းချခဲ့ပြီး Nine communications ကုမ္ပဏီသည် စစ်တပ်နှင့် နီးနီးစပ်စပ်ရှိသည့် ထိပ်သီးစီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်နိုင်ကြောင်းကို မီဒီယာများမှ ဖော်ထုတ်ခဲ့သည်။[9]





လေ့လာတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ် အကုန်ထိ အကြမ်းဖက်စစ်တပ်မှ မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး (၆) ခုတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများအား ဖြတ်တောက်ထားသည်။

ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ

ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းရရှိသည့်ဒေသ

## ချင်းပြည်နယ်လက်ရှိအခြေအနေ




ချင်းပြည်နယ်တွင် အကြမ်းဖက်စစ်တပ်မှ တွန်းဇံ၊ မတူပီနှင့် မင်းတပ်မြို့များအား ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း နှစ်မျိုးလုံး ဖြတ်တောက်ထားပြီး ဖလမ်း၊ ထန်တလန်နှင့် ပလက်ဝမြို့များအား အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် တီးတိန်နှင့် ကန်ပက်လက်မြို့များတွင်မူ အင်တာနက်လိုင်း 2G သာသုံးစွဲနိုင်ကြောင်းကိုလည်း သိရသည်။

(မှတ်ချက်။ ။ မတူပီနှင့် တွန်းဇံမြို့တွင် ကြိုးဖုန်းသာအသုံးပြုနိုင်ပြီး တွန်းဇံမြို့တချို့နေရာများတွင် တခါတရံမှသာ MPT လိုင်းအား အသုံးပြုနိုင်သည်။)

**ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ**

**အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ**


**အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ**

**ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ**

[8] တယ်လီနောကို ကုမ္ပဏီအသစ် Atom အဖြစ် အမည်ပြောင်းလဲ (2022 Jun 3) Radio Free Asia. | Source

[9] အူရီဒူးမြန်မာပိုင်ရှင်သစ် ဧရာဟသ်ာလုပ်ငန်းစုမှ ဇော်ဝင်းရှိန်ဖြစ်နိုင် (2022 Sep 9) Myanmar Now | Source


## ကချင်ပြည်နယ်လက်ရှိအခြေအနေ




ကချင်ပြည်နယ်တွင် ဖားကန့်မြို့အား အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်းများကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ကတည်းက ဖြတ်တောက်ခဲ့သည်။ ဖားကန့်မြို့သည် မြန်မာနိုင်ငံအတွင်း ရက်ရှည်ဖြတ်တောက်ခံထားရသည့် မြို့များအနက် တခုအပါအဝင်ဖြစ်ပြီး အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်း ဖြတ်တောက်ထားသည်မှာ တစ်နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည်။

- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ
- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ

## ကရင်နီပြည်နယ်လက်ရှိအခြေအနေ





ကရင်နီပြည်နယ်အတွင်း အကြမ်းဖက်စစ်တပ်မှ မြို့နယ် (၅) မြို့နယ်အား ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း နှစ်မျိုးလုံး ဖြတ်တောက်ထားသည်ဟု သိရှိရပြီး ၎င်းတို့မှာ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့တို့ဖြစ်သည်။ ဖော်ပြပါ အချို့ဒေသများတွင် အကြမ်းဖက်စစ်တပ်မှ စက်သုံးဆီ သယ်ယူပို့ဆောင်လေ့ရှိသည့် ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ပင်တားဆီးထားခြင်းများသည်လည်း ၎င်းဒေသများအတွင်း ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းမရရှိနိုင်ခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်သည်။

(မှတ်ချက်။ ။ ဖရူဆိုတွင် မြို့ပေါ်နေရာတဝိုက်တွင်သာ ရုံဖုန်ရုံခါ အင်တာနက်အသုံးပြုနိုင်ပြီး ကျန်နေရာများတွင် အသုံးပြုနိုင်ခြင်းမရှိပါ။)

- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ
- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ

## မကွေးတိုင်းဒေသကြီးလက်ရှိအခြေအနေ





မကွေးတိုင်းဒေသကြီးအတွင်း ထီးလင်းမြို့နယ်အား ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း နှစ်မျိုးလုံး ဖြတ်တောက်ထားပြီး ဂန့်ဂေါနှင့် မြိုင်ဒေသများအား အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည်။ တောင်တွင်းကြီးမြို့တွင် အင်တာနက် 2G သာအသုံးပြုနိုင်ကြောင်း သိရသည်။

(မှတ်ချက်။ ။ ဂန့်ဂေါဒေသတွင် ရံဖန်ရံခါ အင်တာနက် 2G အား ညဥ့်နက်သည့် အချိန်များတွင်သာ အသုံးပြုနိုင်သည်။ သို့သော် ဒေသတွင်းရှိ နေရာတိုင်းတွင် အသုံးပြု၍မရပေ။)

- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ
- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ


## မန္တလေးတိုင်းဒေသကြီးလက်ရှိအခြေအနေ




မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံမြို့အား အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်းများ ဖြတ်တောက်ထားပြီး မိုးကုတ်တွင် အင်တာနက်လိုင်း 2G သာ အသုံးပြုနိုင်ကြောင်း သိရသည်။ ဖော်ပြပါမြို့နယ်များတွင် ဝိုင်ဖိုင် (WIFI) အသုံးပြု၍ရသော်လည်း အင်တာနက်မြန်နှုန်းအား လျှော့ချထားလေ့ရှိပြီး တချို့ဒေသများတွင် ဝိုင်ဖိုင်ပင် (WIFI) တခါတရံသာ အသုံးပြုနိုင်ကြောင်း သိရှိရသည်။

- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ
- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ

## စစ်ကိုင်းတိုင်းဒေသကြီးလက်ရှိအခြေအနေ




- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသ
- အင်တာနက်လိုင်း 2G သာ ရသည့်ဒေသ
- ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ရရှိသည့်ဒေသ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်စစ်တပ်မှ မြို့နယ်ပေါင်း (၂၆) မြို့နယ်အား အင်တာနက်လိုင်းများ ဖြတ်တောက်ထားလျက်ရှိပြီး ၎င်းတို့မှာ ခန္တီး၊ ဟုမ္မလင်း၊ အင်းတော်၊ ကသာ၊ တမူး၊ ဖောင်းပြင်၊ ပင်လည်ဘူး၊ မော်လိုက်၊ ကျွန်းလှ၊ ကန့်ဘလူ၊ ကလေးဝ၊ မင်းကင်း၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ မုံရွာ၊ မြောင်၊ အရာတော်၊ မြင်းမူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်နှင့် စစ်ကိုင်းမြို့နယ်များ ဖြစ်သည်။ ဝန်းသို၊ တန့်ဆည်၊ ပုလဲနှင့် ချောင်းဦးဒေသများတွင် အင်တာနက် 2G သာအသုံးပြုနိုင်သည်ကို လည်း သိရသည်။ ထို့အပြင် ကောလင်းမြို့နယ်အား ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း နှစ်မျိုးလုံး ဖြတ်တောက်ထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

မှတ်ချက်။ ။ (အထက်ဖော်ပြပါ အင်တာနက်လိုင်းဖြတ်တောက်ခံထားရသည့် မြို့နယ် (၂၆)မြို့နယ်မှ အချို့သော ဒေသများတွင် မြို့ပေါ်နေရာတဝိုက်၌သာ ရုံဖန်ရံခါ အင်တာနက်အသုံးပြုနိုင်ပြီး ကျန်နေရာများတွင် အသုံးပြုနိုင်ခြင်းမရှိပါ။)

## အင်တာနက်ဖြတ်တောက်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများ

အင်တာနက်ဖြတ်တောက်မှုနောက်တွင် မြန်မာပြည်သူများသည် ကြီးမားသည့် လူမှုစီးပွားဘဝဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်။ အင်တာနက်ဖြတ်တောက်မှုကို အကြမ်းဖက်စစ်တပ်က စစ်ရေး၊ နိုင်ငံရေးအားသာချက်ရရန် လုပ်ဆောင်သည်ဆိုခြင်းထက် ပြည်သူများမှာ စီးပွားရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်ရရှိမှုနှင့် နေ့စဉ်ဘဝများတွင် ဒုက္ခမျိုးစုံကြုံနေကြရသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (International Labour Organization) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ကိုဗစ်ဒဏ်အပါအဝင် အာဏာသိမ်းမှုနောက်ဆက်တွဲအနေဖြင့် ကြီးကြီးမားမား အလုပ်အကိုင်များ ဆုံးရှုံးခဲ့ပြီး အလုပ်လက်မဲ့များစွာ ရှိလာသည်။ ထိုဆုံးရှုံးမှုများထဲတွင် အကြမ်းဖက်စစ်တပ်၏ အင်တာနက် ဖြတ်တောက်ထားခြင်းများကြောင့် Digital Platform အပေါ်အမှီပြု လုပ်ကိုင်ရသော တသီးပုဂ္ဂလိကလုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုပိုင်းဆိုင်ရာ လုပ်ငန်းများ နှင့် အခြားသော ဝန်ဆောင်မှုပိုင်းဆိုင်ရာလုပ်ငန်းများစွာ ထိခိုက်ဆုံးရှုံးနေသည်။ ISP Myanmar ၏ Netblocks ဝက်ဆိုက်ဒ်အား ကိုးကားခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် အင်တာနက်တစ်ရက်ပြတ်တောက်လျှင် အမေရိကန်ဒေါ်လာ ၂၄.၁၉ သန်းဆုံးရှုံးမှု ဖြစ်ပေါ်သည်ဟု သိရသည်။ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အင်တာနက်ဖြတ်

တောက်မှုများကြောင့် အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်း the Border Project ၏ ထုတ်ပြန်ချက်အရသိရသည်။[10] အလုပ်အကိုင် ဆုံးရှုံးမှုများထဲတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုထိခိုက်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) မှထုတ်ဖော်ထားသည်။ [11]

## လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများ

အင်တာနက်လိုင်းနှင့် ဖုန်းလိုင်းများဖြတ်တောက်ခြင်းကြောင့် ပထမဆုံး ဆုံးရှုံးနစ်နာမှုမှာ ဆက်သွယ်ရေးပိုင်းဆိုင်ရာ သတင်းအချက်အလက်ဆုံးရှုံးမှုဖြစ်သည်။ ယခုလက်ရှိ အင်တာနက်လိုင်း၊ ဖုန်းလိုင်း ဖြတ်တောက်ခံထားရသည့် နေရာဒေသများသည် စစ်တပ်နှင့် ဒေသခံကာကွယ်ရေးတပ်များကြား တိုက်ပွဲများ ဖြစ်ပွားနေသော ဒေသများဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် သတင်းအချက်အလက် ရရှိမှုမရှိဘဲ စစ်ကြောင်းဝင်လာသည့်အခါမှ ထွက်ပြေးတိမ်းရှောင်ရသောကြောင့် မလွတ်မြောက်နိုင်တော့ဘဲ အစုလိုက်အပြုံလိုက် အသတ်ခံရခြင်းများ ဖြစ်နေရသည်။ စစ်တပ်က ထိုဒေသများတွင် သတင်းအချက်အလက်ဖြတ်တောက်ရန် အင်တာနက်လိုင်းသာမက ဖုန်းလိုင်းများပါ ဖြတ်တောက်ထားသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စစ်ကြောင်းဝင်လာမည့်အချိန်နှင့် လေကြောင်းတိုက်ခိုက်ခံရမည့် အချိန်များကို နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်နေကြရသည်။

RFA သတင်းဌာန၏ အင်တာဗျူးတွင် ဂန့်ဂေါမြို့နယ် နှမ်းခါးရွာသားတစ်ဦး၏ ပြောကြားချက်အရ "အင်တာနက်ဖြတ်ပြီးရင်ပဲ ကျနော်တို့ဆီကို စစ်ကြောင်းက တစ်လကို တစ်ကြိမ်၊ တစ်လကို တစ်ခါတစ်လေလည်း နှစ်ကြိမ် ပုံမှန်ထိုးတယ်။ စစ်ကြောင်းထိုးတဲ့ အချိန်တောင်မှ သတင်းစီးဆင်းမှု မရှိတဲ့အတွက် ရုတ်တရက်ရောက်လာတဲ့အချိန်မှာ မပြေးနိုင်တဲ့လူတွေ ဖမ်းခံရတာတို့ နှိပ်စက်ခံရတာ သတ်ခံရတာတွေ ရှိတဲ့အတွက် ဖုန်းလိုင်းအခက်အခဲနဲ့ အင်တာနက်လိုင်း အခက်အခဲကြောင့် တော်တော်လေးဆုံးရှုံးမှု ပြည်သူတွေမှာ များတယ်လို့ထင်တယ်၊ ကျနော်တို့ဆီမှာ ကြုံတွေ့ရတာတော့လေ။ စစ်ကြောင်းက ထိုးချင်သလိုထိုး၊ ပြည်သူလည်း သတ်ချင်သလိုသတ် ရွာတွေလည်း မီးရှို့ချင်သလိုရှို့ ဆိုတော့လေ" ဟု သိရသည်။ ဒေသခံများမှ စစ်တပ်၏ကျူးလွန်မှုများကို ဓာတ်ပုံ၊ ဗီဒီယို အထောက်အထားများ ရယူထားသော်လည်း အင်တာနက်မရရှိသည့်အတွက် အပြင်သို့ မဖြန့်ဝေနိုင်ဘဲ၊ ဖုန်းထဲတွင်လည်း အချိန်ကြာမြင့်စွာ သိမ်းမထားရဲသည့်အတွက် ဖျက်ပစ်လိုက်ရကြောင်းလည်း တွေ့ရသည်။[12] စစ်တပ်သည် စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေပြီး ဒေသခံ ပြည်သူများသည် သတင်းအချက်အလက်ပင် မှန်မှန်ကန်ကန်ရရှိခြင်း၊ ဖြန့်ဝေနိုင်ခြင်းမရှိဘဲ အတုံးအရုန်း လူ့အခွင့်အရေးချိုးဖောက်ခံနေရသည်။

## အင်တာနက်ကို အဆမတန် ဈေးကြီးပေး၍ သုံးစွဲရခြင်း

ကချင်ပြည်နယ် ဖားကန့်ဒေသသည် တိုက်ပွဲမပြင်းထန်သော်လည်း ၂၀၂၁ ခုနှစ်၊ ဩဂုတ် (၂၀) ရက်မှစကာ အင်တာနက်ကို ရက်ပေါင်း (၅၀၀)ကျော် ဖြတ်တောက်ခံထားရသည်။ ထို့အတွက် ဖားကန့်ဒေသတွင် အင်တာနက် အသုံးပြုလိုသူများအနေဖြင့် အင်တာနက်ဆိုင်များတွင် တစ်နာရီလျှင် ၅၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိ

[10] Zawistowski, Anna. (2022 Sep 12). MYANMAR'S INTERNET SHUTDOWNS EXACERBATE POVERTY, The Border Project | Source⇪

[11] New ILO estimates show Myanmar remains deeply affected by job losses in first half of 2022 (2022 Aug 1) International Labor Organization | Source⇪

[12] အင်တာနက်အဖြတ်ခံထားရတဲ့ တစ်နှစ်အတွင်း စစ်ကိုင်းနဲ့ မကွေးတိုင်းမှာ ၈၀၀ နီးပါး သေဆုံး (2022 Sep 28) Radio Free Asia | Source⇪

ပေး၍ သုံးစွဲကြရသည်။[13] တချိန်ထဲမှာပင် ဖားကန့်မြို့နယ်အတွင်း၌ စစ်တပ်မှ ဖုန်းအင်တာနက်အစား Mytel Wifi များကို အလျှင်အမြန် တပ်ဆင်လာကြောင်းလည်း တွေ့ရှိရသည်။[14]

## အင်တာနက် ဖြတ်တောက်ခြင်းနှင့် နိုင်ငံ့စီးပွားရေး ကျဆင်းခြင်း

Top10VPN မှ Global Digital Rights ဦးဆောင်သူ Samuel Woodhams က"အင်တာနက်ပိတ်တာက စီးပွားရေးတစ်ခုလုံးကို ထိခိုက်စေပါတယ်။ အသေးစားလုပ်ငန်းကနေ နိုင်ငံစုံဘဏ်ကြီးတွေအထိ။ ဒစ်ဂျစ်တယ်စီးပွားရေး ဆက်ကြီးထွားလာတာနဲ့အမျှ အင်တာနက် ဖြတ်တောက်မှုတွေက ကုန်ကျစရိတ်ကိစ္စတွေမှာ ပိုပြီးဆိုးရွားလာတယ်။ အင်တာနက်ပိတ်တာက စီးပွားရေးမှာဆိုရင် ကိုယ့်ကိုကိုယ် ထိခိုက်အောင် လုပ်တာပဲဆိုတာသိသာပါတယ်" ဟု The ASEAN Post သို့ ပြောကြားခဲ့သည်။
"အင်တာနက်ပိတ်ခြင်းရဲ့ စီးပွားရေးဆိုင်ရာ သက်ရောက်မှုတွေကို မီးမောင်းထိုးပြလိုက်ရင်တော့ အစိုးရတွေဟာ ဒီတန်ပြန်အကျိုးသက်ရောက်မှု အတိုင်းအတာကို ရှုမြင်ပြီး ဒီလိုလုပ်ရပ်တွေကို လျော့ချသွားလိမ့်မယ်လို့ မျှော်လင့်တယ်။ ဒါ့အပြင် အင်တာနက်ပိတ်ခြင်းက လူတိုင်းနဲ့ ခွဲခြားမရတဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ သတင်းရယူပိုင်ခွင့် အပါအဝင် အခြေခံလူ့အခွင့်အရေးတွေကို သိသိသာသာ လျစ်လျူရှုထားလိုက်တာပါပဲ" ဟု ၎င်းက ပြောကြားခဲ့သည်။[15]
မြန်မာနိုင်ငံတွင် အင်တာနက်ဖြတ်တောက်ခြင်းကြောင့် အလုပ်အကိုင်များ ရှားပါးလာခြင်းနှင့် မိသားစုဝင်ငွေ ကျဆင်းလာခြင်းမှာ သိသာထင်ရှားလှသည်။ အင်တာနက်ဖြတ်တောက်ထားခြင်းသည် ဒီဂျစ်တယ်ပလက်ဖောင်းပေါ် မှီခိုလုပ်ကိုင်နေရသော စီးပွားရေးလုပ်ငန်းများသာမက လယ်ယာစိုက်ပျိုးရေးကဏ္ဍများအတွက်လည်း များစွာ ထိခိုက်မှုရှိသည်။ ဥပမာအားဖြင့် သတင်းအချက်အလက် ဖြတ်တောက်ထားခြင်းများကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာထွက်သီးနှံများ ရောင်းဝယ်ဖောက်ကားရန် ကာလပေါက်ဈေးများအား လွယ်လင့်တကူ မသိရှိနိုင်တော့သဖြင့် ဆုံးရှုံးနစ်နာမှုများရှိနေသည်။[16]

ထို့အပြင် အင်တာနက်ဖြတ်တောက်ခံထားရသော အညာဒေသရှိ နေရာအများစုတွင် တိုက်ပွဲများလည်း မကြာခဏ ဖြစ်ပေါ်နေသောကြောင့် ဒေသခံပြည်သူများအနေဖြင့် တောင်ယာစိုက်ခင်းများ လုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် ယခုလာမည့်နှစ်အတွင်း မြန်မာနိုင်ငံ၌ ဆန်စပါးရှားပါးမှု ဖြစ်လာနိုင်သည့် အလားအလာကိုလည်း ပြည်သူများစိုးရိမ်ပူပန်နေကြရသည်။ ထို့အတူ အင်တာနက်လိုင်းဖြတ်တောက်ခြင်း၊ ဖုန်းလိုင်းများဖြတ်တောက်ခြင်းနှင့် ကူးသန်းသွားလာရေးများပါ ဖြတ်တောက်ထားသည့်ဒေသများတွင် ကုန်စည်စီးဆင်းမှု လွန်စွာ နှောင့်နှေးကာ ကုန်ဈေးနှုန်း မြင့်တက်သည့် အန္တရာယ်နှင့်ပါ ရင်ဆိုင်နေကြရသည်။

## အင်တာနက်ဖြတ်တောက်ခြင်းနှင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍဆုတ်ယုတ်ခြင်း

ပညာရေးကဏ္ဍတွင်လည်း အင်တာနက်ဖြတ်တောက်ခံထားရသည့် နေရာများတွင် ကျောင်းများသည် တိုက်ပွဲများကြောင့် ပုံမှန်အခြေအနေအတိုင်း လည်ပတ်နိုင်ခြင်းမရှိသကဲ့သို့ ကျောင်းသား/သူများအနေဖြင့်လည်း ပညာသင်ကြားနိုင်ခွင့်မရှိဘဲ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ သို့ဖြစ်ရာ အွန်လိုင်းမှ သင်ယူလေ့လာရန်အတွက်လည်း အင်တာနက် ဖြတ်တောက်ထားသည့်အတွက် မည်သည့်လေ့လာသင်ယူမှုကိုမှ လုပ်ဆောင်၍ မ

---

[13] ကချင်နဲ့ စစ်ကိုင်းမှာ ဖွင့်ပေးထားတဲ့အင်တာနက်လိုင်းတွေ ပြန်ပိတ် (2023 Jan 6) Radio Free Asia | Source⇪

[14] ဖားကန့်မြို့နယ်တွင် စစ်ကောင်စီက ဖုန်းအင်တာနက်အစား Mytel Wifi တပ်ဆင်နေ (2022 Nov 3) Kachin News Group | Source⇪

[15] Louis, Jillian. (2020 Jan 14) Internet shutdowns could cost ASEAN deadly. The ASEAN Post | Source⇪

[16] Zawistowski, Anna. (2022 Sep 12). MYANMAR'S INTERNET SHUTDOWNS EXACERBATE POVERTY, The Border Project | Source⇪

ရဖြစ်နေကြသည်။ ကိုဗစ်ကာလအလွန် နိုင်ငံတကာ ကျောင်းသားများသည် အလယ်တန်း၊ အထက်တန်းမှ အစ တက္ကသိုလ်ကျောင်းသား/သူများအထိ အပြန်အလှန်လေ့လာသင်ယူမှုများကို virtual exchange, in-person exchange program များ လုပ်ဆောင်နေကြသည့် အချိန်တွင် မြန်မာနိုင်ငံမှ ကျောင်းသား/သူများ မှာမူ မိမိဘာသာ လေ့လာသင်ယူမှုကိုပင် လုပ်ဆောင်နိုင်ခွင့်မရဘဲ ပညာသင်ယူခွင့် အခွင့်အရေးများဆုံးရှုံးနေ ရသည်။ လက်ရှိမြန်မာ့အကျပ်အတည်းသည် နိုင်ငံရေးဆိုင်ရာ ပြဿနာတစ်ခုထက်ပိုပြီး အခြေခံပညာသင်ယူ ခွင့် အခွင့်အရေးများပါ ဆုံးရှုံးနေသည့်အတွက် နိုင်ငံတကာ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း လျစ်လျူရှုမနေဘဲ မြန်မာပြည်မှ ကလေးသူငယ်များ ပညာသင်ယူခွင့် ရရှိရေးလည်းကြိုးပမ်းဆောင်ရွက်ပေး ကြရန် လိုအပ်သည်။

အင်တာနက်ဖြတ်တောက်ထားခြင်းနှင့် တိုက်ပွဲများ၏ အကျိုးဆက်အနေဖြင့် လူထု ကျန်းမာရေးစောင့် ရှောက်မှုကဏ္ဍသည်လည်း အလုံးစုံပျက်သုန်းသည့်အခြေအနေသို့ ရောက်နေပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက အသက်ငင်နေပြီး ဖြစ်သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ သိလိုသည်များကို အွန်လိုင်းမှ ရှာဖွေ၊ မေးမြန်း၍ပင် မရ နိုင်တော့ဘဲ ဖြစ်သွားသည်။ ထို့ကြောင့် အင်တာနက်ဖြတ်တောက်ခံထားရသည့် ဒေသနေပြည်သူများအဖို့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုမဆိုထားနှင့် သိလိုသည်များ ရှာဖွေလေ့လာခွင့်ပင်မရဘဲ နစ်နာဆုံးရှုံးမှု များ ဆက်တိုက်ကြုံတွေ့နေသည်ကို တွေ့ရသည်။

## အာဆီယံ ဒေသအတွင်း သို့ ရိုက်ခတ်မှု

အာဆီယံကြေညာစာတမ်းအရ ၎င်း၏ ရည်ရွယ်ချက်များထဲတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန်၊ တရား မျှတမှုနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး မြှင့်တင်ရန်၊ ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေးနှင့် ညီညွတ်သောအခြေခံမှုများကို လိုက်နာရန် အစရှိသည်တို့ ပါရှိ သည်ကို တွေ့ရသည်။ သို့သော် အာဆီယံ၏ အရှေ့တောင်အာရှ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် ရေးစာချုပ် (Treaty of Amity and Cooperation in Southeast Asia - TAC) အခြေခံမှုအရ အချင်းချင်း ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရန်ဟူသော အခြေခံမှုကလည်း ရှိ နေပြန်သေးသည်။ အာဆီယံ၏ ထိုဝင်ရောက်မစွက်ဖက်ရေးမူ ဆိုသည်မှာ မြန်မာစစ်တပ် က အစဉ်အမြဲလုပ်ဆောင် လေ့ရှိခဲ့သည့်အတိုင်း ဒီမို ကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများကိုပင် လိုက်နာစရာ မလိုဘဲ ဆက်လက် ထင်တိုင်းကြဲနိုင်သ ည့်အပြင်၊ အာဆီယံဒေသတွင်းဖြစ်သော်လည်း မြန်မာ့နယ်နိမိတ်အတွင်း၌မူ "အားလုံးတန်းတူ ဆက်သွယ် ရေးစနစ်အသုံးပြုခွင့်များ" အား စိတ်ကြိုက် ဆက်လက်ချိုးဖောက်နေနိုင်သည်ဟု ဆိုလိုသည်။

လက်ရှိမြန်မာပြည်တွင်း နိုင်ငံရေးအဖြစ်အပျက်များ ၏နောက်ဆက်တွဲ အနေဖြင့် ပေါ်ထွက်လာသော "ဒေသ တွင်း အားလုံး တန်းတူ ဆက်သွယ်ရေးစနစ်အသုံးပြုခွင့်များကို" အကြမ်းဖက်စစ်တပ်မှ ချိုးဖောက်နေမှု များသည် အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်များကို ၎င်းတို့၏အခြေခံမှုများနှင့် ပဋိပက္ခဖြစ်စေပြီး လက်တွေ့ အလုပ်သဘောအကောင်ထည်ဖော်မှုတွင် ကြန့်ကြာလျှက် ရှိသည်။ သို့ဖြစ်ရာ ကဏ္ဍစုံအသုံးပြုမှုများအတွက် အင်တာနက်သည် မရှိမဖြစ်လူ့ရပိုင်ခွင့်တစ်ခုဖြစ်လာနေသော မျက်မှောက်ကာလ၌ အကြမ်းဖက်စစ်တပ်က ဒီ မိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများကို လျစ်လျူရှုကာ အင်တာနက်ဖြတ်တောက်ခြင်းကြောင့် ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် မြှင့်တင်ရန် နှောင့်နှေးစေသည်။ ပြည်တွင်းရေး တွင် ဝင်ရောက် မစွက်ဖက်ရန်မူကြောင့် အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်များကို ချဉ်းကပ်ရန် နှင့် အာဆီယံအဖွဲ့၏ အရှေ့တောင်အာရှတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် TAC ၌ပါရှိသော အခြားမူများဖြစ်သည့် ကွဲပြားမှု သို့မဟုတ် အငြင်းပွားမှုများ ကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းခြင်း ဆိုသည့် ရည်ရွယ်ချက်မှာ မဖြစ်နိုင်တော့သည်ကို တွေ့ရသည်။ ဒစ်

ဂျစ်တယ်အခွင့်အရေးကို အခြေခံလူ့အခွင့်အရေးအဖြစ် နားလည်ထားကြပြီး ဖြစ်သည့်တိုင် လက်ရှိမြန်မာပြည်တွင်း နိုင်ငံရေးအဖြစ်အပျက်များ၏ နောက်ဆက်တွဲအနေဖြင့် ပေါ်ထွက်လာသော ဒေသတွင်း တန်းတူ အင်တာနက်အသုံးပြုမှုကို ချိုးဖောက်ခြင်းသည် အာဆီယံရင်ဆိုင်နေရသော လက်ရှိမြန်မာ့အရေး အကျပ်အတည်းများအနက် တစ်ခုဖြစ်သည်။

အင်တာနက်အသုံးပြုမှု မြင့်တက်လာခြင်းသည် ဂလိုဘယ်လူ့ယဉ်ကျေးမှုအရွေ့၏ ကြီးမားသောအထောက်အပံ့ဖြစ်သည်။ အင်တာနက်အသုံးပြုမှုမြင့်မားလာခဲ့ခြင်းက ကမ္ဘာသစ်နှင့် ကမ္ဘာဟောင်းရှိ လူ့အလေ့အထများကို ပိုမိုကွဲပြားစေပြီး မတရားမှုကျူးလွန်ခြင်းတို့အား ဖုံးကွယ်ရန်ပိုမိုခက်ခဲလာစေသည်။ ထို့ကြောင့် ယခုလက်ရှိမြန်မာ့မြေပေါ်တွင် ဖြစ်ပျက်နေသော လူမဆန်မှုများကို ဖုံးကွယ်ရန် အကြမ်းဖက်စစ်တပ်က အင်တာနက်ဖြတ်တောက်ပြီး လက်နက်ရှိသူအနိုင်ရစတမ်းဟူသော မူကိုပြောင်ပြောင်တင်းတင်း အသက်သွင်းကာလူထုကိုရက်ရက်စက်စက်သတ်ဖြတ်ပြီး ကမ္ဘာကြီးနှင့် အဆက်သွယ်ဖြတ်ထားခဲ့သည်။ ထိုသို့အင်တာနက်ဖြတ်တောက်ပြီး ရက်စက်သော ရာဇဝတ်မှုများကို ဖုံးကွယ်နေခြင်းသည် ကမ္ဘာသစ်ယဉ်ကျေးမှု၏ ဘုံအရွေ့ကိုဟန့်ချက်ပျက်စေသည်။ အာဆီယံသည် မြန်မာ၏အနီးစပ်ဆုံး နိုင်ငံအများဆိုင်ရာအဖွဲ့အစည်းဖြစ်သဖြင့် ထိုဟန့်ချက်ပျက်မှုသည် အာဆီယံကို အစောဆုံးနှင့် အနီးစပ်ဆုံးရိုက်ခတ်မှုရှိသည်။ ခေတ်သစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ဓလေ့ထုံးတမ်းများကို လိုက်နာစရာ မလိုဘဲ ပေါက်ပျက်နေသည့် အလေ့အထက အရှေ့တောင်အာရှတစ်ခွင်တွင် ဆက်လက် ဖြစ်ပျက်နိုင် ချေရှိသည့် လူ့အခွင့်အရေးဆိုင်ရာ အဆိုးဆုံးဖြစ်တန်စွမ်းကို မြင်သာစေပါသည်။
မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် “အာဆီယံဒေသတွင်း တစ်နေရာ၌ အားလုံး တန်းတူ ဆက်သွယ်ရေးစနစ်အသုံးပြုမှုများ” အား စိတ်ကြိုက် ဆက်လက်ချိုးဖောက်နေခြင်းသည် အာဆီယံဒေသတွင်းနေ လူများ၏တိကျသော အချက်အလက်စစ်ဆေးခွင့်နှင့် အချိန်နှင့်တပြေးညီ အချက်အလက်များရယူခွင့်အတွက် ဒေသတွင်းဆက်သွယ်ရေးကဏ္ဍကို ရေရှည်တွင် သိသိသာသာ ဟန့်ချက်ပျက် စေလိမ့်မည် ဖြစ်သည်။

## နိဂုံး

**မျက်မှောက်ခေတ်ကမ္ဘာတွင် အညမညနိုင်ငံရေး ချိတ်ဆက်အားသက်ရောက်မှုသဘော အားကောင်းလာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအပြောင်းအလဲများသည် ယင်းနှင့် အနီးစပ်ဆုံး အိမ်နီးချင်းနိုင်ငံများကိုလည်းကောင်း၊ ထိုမှတဆင့် အခြားပိုမိုကျယ်ပြန့်စွာ ဆက်စပ်နေသော နိုင်ငံများကိုလည်းကောင်း ဆက်စပ်တွန်းအားပြု အကျိုးသက်ရောက်စေသည်။ နိုင်ငံတည်းဟူ၍ ကောင်းကျိုးနှင့် ယှဉ်တွဲဖြစ်တည်ခြင်း၌ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ ကနဦးရည်ရွယ်ချက်မှာ ယင်းပိုင်နက်နယ်မြေပေါ်တွင်ရှိသော သက်ရှိများနှင့် လူ့အသိုင်းအဝန်းအတွက် ကောင်းသော အကျိုးကျေးဇူးဖြစ်စေရန်ဟူသော ဘုံအခြေခံမှုသဘောကိုပင် မြန်မာ့အရေး၌ မှန်၊ မမှန် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်တည်ရှိနေခြင်းကြောင့် ၎င်းအချုပ်အခြာအာဏာပိုင် နယ်နိမိတ်စည်းဝိုင်းအတွင်း ကျရောက်နေသော သက်ရှိများ၏ အသက်အိုးအိမ်စည်းစိမ် ကြေပျက်ဆုံးပါးအတိဒုက္ခရောက်မှုများကို ပြည်ပနိုင်ငံများမှ လူသားချင်းစာနာစွာကူညီရန်အတွက် ကြိုးပမ်းအားထုတ်မှုများစွာရှိသည်မှာ မှန်သည့်တိုင်အောင် အဆိုပါ ကြိုးပမ်းအားထုတ်မှုများမှာ မြန်မာ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုတည်းဟူသော စည်းမျဉ်းကို ဖြတ်သန်းအားမရှိသောကြောင့် ယင်းဒေသနေ သက်ရှိများနှင့် လူ့အသိုင်းအဝန်းအတွက် ကြီးစွာသောနစ်နာမှုရှိသည်ကို အထင်အရှားကြုံတွေ့ရသည်။**

## သုတေသနနည်းလမ်းနှင့် စိန်ခေါ်ချက်

ဤသုတေသနအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း အင်တာနက်လိုင်းနှင့် ဖုန်းလိုင်းများဖြတ်တောက်ကာ နိုင်ငံအတွင်းရှိ မြို့နယ်အများစုတွင် ဆက်သွယ်ရေးနှင့် သတင်းစီးဆင်းမှု ဖြတ်တောက်စေခဲ့ပြီး လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးရခြင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လူ့ရပိုင်ခွင့်ဆုံးရှုံးမှုများအား မြေပြင်မှရရှိလာသော အချက်အလက်များနှင့် အွန်လိုင်းသတင်းမီဒီယာ (၄၆) ခုမှသတင်းများအား အခြေခံ၍ မှတ်တမ်းတင်ရေးသားထားသော သုတေသနစာတမ်းတိုတစ်စောင်ဖြစ်သည်။

ဖော်ပြပါအချို့ဒေသအများစုမှာ စစ်ရေးပြင်းထန်နေသည့်နေရာများဖြစ်သည့်အတွက် သုတေသီများအနေဖြင့် ကွင်းဆင်း၍ စစ်တမ်းကောက်ယူလေ့လာနိုင်ခြင်းမရှိခဲ့ပါ။ ထို့အပြင် ဆက်သွယ်ရေးဖြတ်တောက်ခံထားရသည့် ဒေသများဖြစ်သည့်အလျောက် သတင်းအချက်အလက်များကောက်ယူရာတွင် ဒေသခံများအားဆက်သွယ်ရန်ခက်ခဲခြင်း၊ ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ခံရသည့် အချိန်အားတိကျစွာ ကောက်ယူရန်ခက်ခဲခြင်းများသည် ဤသုသေတန စာတမ်းအားပြုစုရေးသားရာတွင် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုများဖြစ်ခဲ့သည်။

အထက်တွင်ဖော်ပြထားသော ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဖြတ်တောက်ခံထားရခြင်းဆိုင်ရာ သတင်းအချက်အလက်များမှာ မိမိတို့အဖွဲ့မှ ကောက်ယူရရှိထားသော အချက်အလက်များသာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံတွင် ယခုထက်ပိုသော အင်တာနက်နှင့် ဖုန်းလိုင်းဖြတ်တောက်ခံထားရသည့် ဒေသများစွာလည်းရှိနိုင်ပါသည်။



# ဖြတ်တောက်ခံထားရသောဆက်သွယ်မှုများ နှင့် ပျောက်ဆုံးနေသောလူ့ရပိုင်ခွင့်

သုတေသနအစီရင်ခံစာ